# ရာမညမွန်ပြည်နယ်

## ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)

ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ

ပြုစုတင်ပြချက်အပေါ် နှီးနှောဖလှယ်ပွဲများ

ကွန်ဖရင့်များမှ ထပ်မံပြင်ဆင်ဖြည့်စွက်ထားသည်

(၂၀၀၅–ခု–မတ်လ)

## ဥဒါန်းကျူးရင့်ချက်

မိမိတို့ ရာမညမွန်ပြည်နယ် ပြည်သူပြည်သားများသည် မတရားမှုမှန်သမျှကို ဖျောက်ဖျက်ရန် အလို့ငှာလည်းကောင်း၊ တရားမျှတရေး၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အာဏာကြီးသုံးရပ်ကို သင့်လျော်စွာ ကျင့်သုံးသွားနိုင်ရန်အလို့ငှာလည်းကောင်း၊ မေတ္တာ–ကရုဏာ–မုဒိတာ–ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံရန်အလို့ငှာလည်းကောင်း၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များအား အလေးထားလျက် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများသို့ အပ်နှင်းပါသည်။

# နိဒါန်း

ရာမညမွန်ပြည်သည် ပြည်နယ်တခုအဖြစ်နှင့် ပြည်ထောင်စု (မြန်မာ) နိုင်ငံတွင် တည်ရှိနေသောကြောင့် လည်းကောင်း၊ ပြည်နယ်အတွင်း လူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါင်းစုံ တည်ရှိနေသောကြောင့်လည်းကောင်း၊ ထိုအခြေခံများနှင့် ကိုက်ညီစွာ ပြည်နယ်သားများ အရည်သဖြင့် ချစ်ကြည် အေးချမ်းပျော်ရွှင်စွာ နေထိုင်သွားနိုင်ရန် ဤသို့သော အခြေခံဥပဒေကို ရေးဆွဲပြဌာန်းရပါသည်။

လက်ရှိ ရာမညမွန်ပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဤအဆင့်သို့ ရောက်ရှိလာရန်မှာ ခရစ်သက္ကရာဇ် (၂၀၀၀) ခုနှစ်မှစ၍ နှစ်စဉ်နှီးနှောဖလှယ်ပွဲ ကျင်းပပြီး အထပ်ထပ်ညှိနှိုင်းဆွေးနွေးရေးသားပြင်ဆင်ဖြည့်စွက်လာခဲ့သည်။ ဒီမိုကရေစီ စနစ်အပေါ်အခြေခံ၍ လူမျိုးများ၏ လွတ်လပ်ခွင့်၊ အခြေခံလူ့အခွင့်အရေးခံစားရရှိခွင့်၊ လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်တို့အား ကာကွယ်၍ရေးသားထားပါသည်။ ယခုရောက်ရှိနေသောအဆင့်သည် ချို့ယွင်းချက်မရှိပြီးပြည့်စုံပြီဟု မမှတ်ယူပါ။ ပြည်ဆင်ဖြည့်စွက်ရန် များစွာကျန်ရှိနေပါသေးသည်ဟု ယုံကြည်သည်။ မွန်ပြည်တွင် တိုင်းရင်းသား မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်း၊ ထားဝယ်စသော လူမျိုးများအပြင် ပြည်ပမျိုးရိုးမှ ဆင်းသက်လာသည့် တရုတ်၊ ကုလားလူမျိုး တို့လည်း ရှိပါသေးသည်။ ယခုအခါတွင် (လက်ရှိ (၁၀)မြို့နယ်ကိုအခြေခံ၍) စုစုပေါင်းလူဦးရေ သုံးသန်းခွဲကျော်ရှိပြီး အများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ခရစ်ယာန်၊ မူဆလင်၊ ဟိန္ဒူဘာသာကို ကိုးကွယ်ယုံကြည်သူများ လည်း အထိုက်အလျောက်ရှိပါသည်။

နိုင်ငံတစ်ခုပြည်နယ်တခုအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် နယ်မြေအတွင်းရှိ အမှုကိစ္စအားလုံးအပေါ် အမြင့်မားဆုံး တာဝန်ယူထားပြီး အခြားသော ဥပဒေများအားလုံးအပေါ် လွှမ်းမိုးသည်။ လူ့အဖွဲ့အစည်းဝင်များအတွက်မူ စာချုပ်စာတမ်းသဖွယ် အရေးပါလှပါသည်။ ပြည်နယ်ကို အေးချမ်းတိုးတက်စေရန်မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အဓိကတည်နေပါသည်။ ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှဖြာချမ်းသာသုခနှင့် သက်ဆိုင်ပြည့်စုံနိုင်ရန် အခြေအနေနှင့်လျော်ညီစွာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရပါသည်။

၁၉၇၄ ခုနှစ်တွင် ပြဌာန်းခဲ့သော အခြေခံဥပဒေအရ ရာမညမွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံတို့နှင့်လည်းကောင်း၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် လည်းကောင်း၊ တောင်ဘက်တွင် တနင်္သာရီတိုင်းနှင့်လည်းကောင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်းနှင့်လည်းကောင်း ဆက်စပ်နေသည်။ မိမိတို့ရည်ရွယ်ထားသော ရာမညမွန်ပြည်နယ်၏ အကျယ်အဝန်းသည် ပဲခူး၊ သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်များနှင့် ဆက်စပ်ရာ ဒေသများအပေါ် အခြေပြုနေပါသည်။

ပြည်ထောင်စုအတွင်းရှိ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ် အခြေပြုလျက်၊ ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲမည်ဆိုလျှင် အများပြည်သူတို့၏ လိုအင်ဆန္ဒနှင့် ကိုက်ညီပါလိမ့်မည်။ ဤနည်းဖြင့်သာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အများပြည်သူတို့ ကျေနပ်စွာ လက်ခံအလေးပေးဂရုပြုကြပါလိမ့်မည်။ ဤနည်းသည် လူမျိုးပေါင်းစုံ ပြည်သူများအတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ပြည်ထောင်စု ကို လျင်မြန်စွာ တိုးတက်စေပါလိမ့်မည်။

ထို့ကြောင့် ဤပြည်နယ်အတွင်း ရပ်တည်နေထိုင်သူတိုင်းသည် ပြည်နယ်၏ အခြေခံဥပဒေကို လေးစားလိုက်နာရန် တူညီသော တာဝန်ရှိကြပြီး မည်သူတဦးတယောက်မျှ ဥပဒေ၏အထက်တွင် မရှိစေရ၊ ဥပဒေအောက်တွင်သာ ရှိကြရမည်ဖြစ်ပြီး ဥပဒေကို လေးစားလိုက်နာကြရပါမည်။

# မာတိကာ


အခန်း (၁) မွန်ပြည်နယ်ဖွဲ့စည်းတည်ဆောက်ပုံ။

အခန်း (၂) ပြည်သူလူထုအခွင့်အရေး။

အခန်း (၃) မွန်ပြည်နယ်လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်။

အခန်း (၄) လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း။

အခန်း (၅) ပြည်နယ်နှင့်ပြည်ထောင်စုဆက်ဆံရေး။

အခန်း (၆) ရာမည မွန်ပြည်နယ်အစိုးရ။

အခန်း (၇) ဥပဒေပြုရေး။

အခန်း (၈) ရာမည မွန်ပြည်နယ် တရားစီရင်ရေး။

အခန်း (၉) ပြည်သူ့ဝန်ထမ်းများ။

အခန်း (၁၀) သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်။

အခန်း (၁၁) ပညာရေး။

အခန်း (၁၂) အလုပ်သမားအရေး။

အခန်း (၁၃) ကျန်းမာရေး။

အခန်း (၁၄) ဘဏ္ဍာရေး။

အခန်း (၁၅) အကောက်ခွန်။

အခန်း (၁၆) စီးပွားရေး။

အခန်း (၁၇) ကာကွယ်ရေး။

အခန်း (၁၈) လူမှုကာကွယ်စောင့်ရှောက်ရေး။

အခန်း (၁၉) တောင်သူလယ်သမားရေးရာ။

အခန်း (၂၀) တိုင်းရင်းသားလူမျိုးရေးရာ။

အခန်း (၂၁) ပြည်သူ့ဆက်ဆံရေး။

အခန်း (၂၂) အခြေခံဥပဒေပြင်ဆင်ရေး။

# ရာမည မွန်ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)

## အခန်း (၁) မွန်ပြည်နယ်ဖွဲ့စည်းတည်ဆောက်ပုံ

ပုဒ်မ—၁။ ။ မွန်ပြည်နယ်ကို "ရာမညမွန်ပြည်" (**Rahmonya Mon State**) ဟုခေါ်တွင်မည်။

ပုဒ်မ—၂။ ။ ဤပြည်နယ်အတွင်း "ပါတီစုံ ဒီမိုကရေစီ" ကို ကျင့်သုံးသွားမည်။

ပုဒ်မ—၃။ ။ ရုံးသုံးဘာသာအဖြစ် မွန်ဘာသာကို အဓိကသုံးစွဲပြီး အရံဘာသာအဖြစ် အင်္ဂလိပ်ဘာသာနှင့် ဗမာဘာသာတို့ကိုလည်း သုံးစွဲမည်။

ပုဒ်မ—၄။ ။ ဤပြည်နယ်အတွင်း ဥပဒေရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ဟူသော အာဏာသုံးရပ်နှင့် ပြည့်စုံရမည်။

ပုဒ်မ—၅။ ။ ဝန်ကြီးချုပ်ဦးဆောင်သော စနစ်ကို ကျင့်သုံးသွားမည်။

ပုဒ်မ—၆။ ။ ရာမညမွန်ပြည်နယ်၏ အကျယ်အဝန်းကို မွန်လူမျိုးများ ရပ်တည်နေထိုင်ရာ နယ်မြေအဖြင့် ဖွဲ့စည်းတည်ဆောက်သွားမည်။ လက်တွေ့တွင် ပဲခူး၊ သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ် ခရိုင် (၅)ခုနှင့် ဆက်စပ်ရာ ဒေသအချို့ကို အခြေပြုသွားရမည်။

(မှတ်ချက်။ ။ ဟံသာဝတီခေါ်ပဲခူးမြို့သည် မွန်တို့၏ ရာဇဌာနီမြို့တော် ဖြစ်ခဲ့သည့်အလျောက် မွန်ပြည်နယ်အတွင်းပါဝင်စေရမည်။)

ပုဒ်မ—၇။ ။ ဤပြည်နယ်အတွင်း ရပ်တည်နေထိုင်သူများသည် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် လွတ်လပ်ခွင့်များ အပြည့်အဝခံစားစေရမည်။

ပုဒ်မ—၈။ ။ ဤပြည်နယ်၏ အမျိုးသားသီချင်းကို အောက်ပါသီချင်းအား အသုံးပြုသွားမည်။

(က) ရှနိုဂို

(ခ) --------

ပုဒ်မ—၉။ ။ ရာမည မွန်ပြည်နယ်အလံတော်ကို အောက်ပါပုံစံအတိုင်း အသုံးပြုသွားမည်။

(က) နှီးနှောဖလှယ်ပွဲကျင်းပပြီး ပြည်သူထုထုထံမှ အလံတော်ပုံစံများ တောင်းခံ၍ သတ်မှတ်သွားရန်။

ပုဒ်မ—၁၀။ ။ ရာမည မွန်ပြည်နယ်၏ တံဆိပ်ကို ကြယ်နှင့်ဟင်္သာပုံကို အသုံးပြုသွားမည်။

## အခန်း (၂) ပြည်သူလူထုအခွင့်အရေး

ပုဒ်မ—၁၁။ ။ ရာမည မွန်ပြည်နယ်သားတစ်ဦးဖြစ်ရန် အခြေခံအင်္ဂါရပ်သည် အောက်ပါအတိုင်းဖြစ်သည်။

(က) ရာမည မွန်ပြည်နယ်တွင် မွေးဖွားသူဖြစ်ရမည်။

(ခ) မိဘတစ်ဦးဦးသည် ရာမည မွန်ပြည်နယ်သားဖြစ်ရမည်။

(ဂ) မိမိကိုယ်ကို ရာမည မွန်ပြည်နယ်သားအဖြစ် ခံယူထားသူဖြစ်ရမည်။

အောက်ပါအင်္ဂါရပ်နှင့် ပြည့်စုံသူများသည် ရာမည မွန်ပြည်နယ်သားဖြစ်ရန် တောင်းဆို လျှောက်ထားပိုင်ခွင့်ရှိသည်။

(က) မိဘတစ်ဦးဦးမှ ရာမည မွန်ပြည်နယ်သားဖြစ်ရမည်။

(ခ) မိမိကိုယ်တိုင်လည်း ရာမည မွန်ပြည်နယ်သားအဖြစ် ခံယူထားသူ ဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် ရာမည မွန်ပြည်နယ်တွင် (၅) နှစ်ကြာ နေထိုင်ခဲ့သူဖြစ်ပြီး ရာဇဝတ်မှု ကင်းသူဖြစ်ရမည်။

ပုဒ်မ—၁၂။ ။ (က) ပြည်သူလူထုအခွင့်အရေးသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အတိုင်း အခြေခံရမည်။

(ခ) ရာမည မွန်ပြည်နယ်သားတိုင်းသည် ရာမည မွန်ပြည်နယ် ဥပဒေအတိုင်း အခွင့်အရေးတူညီမှု ရရှိရမည်။

ပုဒ်မ—၁၃။ ။ ရာမည မွန်ပြည်နယ်တွင် နေထိုင်သူများသည် လူမှုလုံခြုံရေးဆိုင်ရာ လွတ်လပ်ခွင့် ကျွန်အဖြစ်မှ လွတ်မြောက်ခွင့် လွတ်လပ်စွာ ဘာသာကိုးကွယ်ယုံကြည်ခွင့် ဖမ်းဆီးချုပ်နှောင်ခြင်းမှ ကင်းလွတ်ခွင့်နှင့် တရားဥပဒေဘောင်အတွင်း ညီတူညီမျှရပ်တည်နိုင်ခွင့် အစရှိသည့် ပြည်သူလူထု၏ အခြေခံ အခွင့်အရေးနှင့် ပြည့်စုံရမည်။

ပုဒ်မ—၁၄။ ။ ရာမည မွန်ပြည်နယ်တွင် မှီတင်းနေထိုင်သော ပြည်သူလူထုသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့် မဲပေးခွင့် မဲအရွေးခံခွင့် နိုင်ငံခေါင်းဆောင်အဖြစ် လူထုကိုယ်စားလှယ်အဆင့်ဆင့်မှ ရွေးချယ်ခံပိုင်ခွင့် လွတ်လပ်စွာရေးသားထုတ်ဝေခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ စည်းရုံးဆန္ဒပြခွင့်နှင့် လွတ်လပ်ပြောဆိုခွင့် စသော နိုင်ငံရေးအခွင့်အရေးများ ရှိရမည်။

ပုဒ်မ—၁၅။ ။ ရာမည မွန်ပြည်နယ်တွင် မှီတင်းနေထိုင်သော ပြည်သူလူထုသည် အသက်မွေးဝမ်းကျောင်းပြုခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ ကုန်သွယ်ရောင်းဝယ်ရေးနှင့် အလုပ် လုပ်ပိုင်ခွင့်စသော စီးပွားရေးဆိုင်ရာအခွင့်အရေးများနှင့် ပြည့်စုံရမည်။

ပုဒ်မ—၁၆။ ။ ရာမည မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်သော ပြည်သူလူထုသည် ပညာရေး၊ ကျန်းမာရေး၊ ထိမ်းမြားလက်ထပ်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စသော လူမှုရေး အခွင့်အရေးများနှင့်ပြည်စုံရမည်။

ပုဒ်မ—၁၇။ ။ ရာမည မွန်ပြည်နယ်တွင် မှီတင်းနေထိုင်သော ပြည်သူလူထုသည် ယဉ်ကျေးမှုဆိုင်ရာဘာသာစကားပြောဆိုခွင့်၊ ဘာသာရေးကိုးကွယ်ခွင့်နှင့် ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းခွင့် စသောအခွင့်အရေးများနှင့် ပြည့်စုံရမည်။

ပုဒ်မ—၁၈။ ။ အမျိုးသမီးများအတွက် နိုင်ငံရေး၊ ပြည်သူ့အခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့တွင် ဖိနှိပ်မှု ကင်းရေးနှင့် အမျိုးသမီးတို့အပေါ် အဆင့်အတန်းမခွဲခြားရေး စသော အမျိုးသမီးအခွင့်အရေးတို့နှင့် ပြည့်စုံရမည်။

ပုဒ်မ—၁၉။ ။ ရာမည မွန်ပြည်နယ်တွင် တည်ရှိနေသော ကလေးသူငယ်များသည် ပညာသင်ကြားခွင့်အနိုင်အထက်စေခိုင်းမှုမှ ကင်းလွတ်ခွင့်၊ မိဘနှင့် အစိုးရမှ ထိန်းသိမ်းစောင့်ရှောက်ခွင့် စသော အခွင့်အရေးများရှိရမည်။

## အခန်း(၃) မွန်ပြည်နယ် လွှတ်တောနှင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်

ပုဒ်မ—၂၀။ ။ ရာမည မွန်ပြည်နယ်လွှတ်တော်သည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ရှိပြီး ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်နှစ်ရပ်စလုံးကို ရွေးချယ်ရမည်။

ပုဒ်မ—၂၁။ ။ (က) အထက်လွှတ်တော်အား မြို့နယ်များမှ အရေအတွက်တူညီသော ကိုယ်စားလှယ်များကို ရွေးချယ်ရမည်။ မြို့နယ်ကိုယ်စားလှယ်များမှအပ ပြည်နယ်အတွင်း အခြေပြုနေထိုင်သော လူမျိုးစုကိုယ်စားလှယ်များလည်း ပါဝင်ရမည်။

(ခ) ပြည်ထောင်စု၏ အထက်လွှတ်တော်ကိုယ်စားလှယ်ကို ပြည်နယ်အထက်လွှတ်တော် ကိုယ်စားလှယ်ထဲမှ စေလွှတ်ပေးရမည်။

ပုဒ်မ—၂၂။ ။ အောက်လွှတ်တော်ကိုယ်စားလှယ်အား လူဦးရေအပေါ်အခြေခံပြီး ရွေးချယ်မည်။

ပုဒ်မ—၂၃။ ။ လွှတ်တော်နှစ်ရပ်မှ ပြည်ထောင်စုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို ရွေးပေးရမည်။

ပုဒ်မ—၂၄။ ။ (က) အောက်လွှတ်တော်ကိုယ်စားလှယ်များက အောက်လွှတ်တော်သဘာပတိကို ရွေးချယ်သွားမည်။

(ခ) အထက်လွှတ်တော်ကိုယ်စားလှယ်များက အထက်လွှတ်တော်သဘာပတိကို ရွေးချယ်သွားမည်။

## အခန်း(၄) လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း

ပုဒ်မ—၂၅။ ။ (က) ပြည်သူလူထု၏ တိုက်ရိုက်ဆန္ဒမဲဖြင့် အောက်လွှတ်တော်ကိုယ်စားလှယ်ကို လူဦးရေ ( ) လျှင် တစ်ဦးရွေးချယ်သွားမည်။

*မှတ်ချက်။ လေ့လာဆည်ဆဲအဆင့်ဖြင့် လူဦးရေတစ်သိန်းတွင် အောက်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးရွေးချယ်သွားရန်။*

(ခ) အောက်လွှတ်တော်ကိုယ်စားလှယ်အား နိုင်ငံရေးပါတီဝင်များနှင့်တသီးပုဂ္ဂလကိုယ်စားလှယ်များ အရွေးခံပိုင်ခွင့်ရှိသည်။

(ဂ) အထက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို အောက်လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၏တစ်ဝက်ထားရှိမည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်မှ ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားဒေသမှတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးနှင့် ကျန်ကိုယ်စားများကို ထူးချွန်ထင်ရှားသော ပုဂ္ဂိုလ်များမှ ပြည်သူလူထု၏ ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးချယ်သွားမည်။

## အခန်း(၅)ပြည်နယ်နှင့်ပြည်ထောင်စုဆက်ဆံရေး

ပုဒ်မ—၂၆။ ။ အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရသို့ လွှဲအပ်ပေးပြီး ကျန်သောကိစ္စရပ်များကို ပြည်နယ် အစိုးရမှ ကျင့်သုံးသွားမည်။

(က) နိုင်ငံခြားရေး၊
(ခ) ပြည်ထောင်စုကာကွယ်ရေး၊
(ဂ) ငွေစက္ကူထုတ်လုပ်ရေးနှင့်ငွေကြေးတန်ဘိုး၊
(ဃ) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး၊
(င) ပြည်တွင်းပို့ဆောင်ရေး၊
(စ) အလေးချိန်နှင့်အတိုင်းအတာသတ်မှတ်ရေး၊
(ဆ) မူပိုင်ပစ္စည်းသတ်မှတ်ရေး၊
(ဇ) နိုင်ငံခြားသားများနှင့်အိမ်ထောင်ပြုခြင်း၊
(ဈ) လက်နက်နှင့် လက်နက်ကိရိယာရောင်းဝယ်ရေး၊
(ည) နိုင်ငံခြားလူဝင်လူထွက်ကိစ္စ၊
(ဋ) လုံခြုံရေးဆိုင်ရာ အထူးကိစ္စ ထုတ်ပြန်ကြေငြာခြင်း၊

## အခန်း(၆) ရာမည မွန်ပြည်နယ်အစိုးရ

ပုဒ်မ—၂၇။ ။ အုပ်ချုပ်ရေးအာဏာကို ရာမည မွန်ပြည်နယ်အစိုးရတွင် ထားရှိပြီး ဝန်ကြီးချုပ်ဦးဆောင်သော စနစ်ဖြင့် အုပ်ချုပ်သွားမည်။ ဝန်ကြီးချုပ်အား မဲအနိုင်ရသော အောက်လွှတ်တော်ကိုယ်စားလှယ်မှ ရွေးချယ်သွားမည်။

ပုဒ်မ—၂၈။ ။ လွှတ်တော်နှစ်ရပ်ပေါင်းအစည်းအဝေးတွင် အထက်လွှတ်တော် သဘာပတိသည် သဘာပတိတာဝန်ကို ထမ်းဆောင်ရပြီး အောက်လွှတ်တော်သဘာပတိသည် ဒုတိယသဘာပတိတာဝန်ကို ထမ်းဆောင်ရမည်။

ပုဒ်မ—၂၉။ ။ ဝန်ကြီးအဖွဲ့အား မဲအနိုင်ရသော အောက်လွှတ်တော်ကိုယ်စားလှယ်မှ ရွေးချယ်ပြီး အောက်လွှတ်တော် သဘာပတိက အသိအမှတ်ပြုပေးရသည်။

ပုဒ်မ—၃၀။ ။ အစိုးရသည် အရည်အချင်းမရှိသည့်အခါတွင်ဖြစ်စေ၊ စီမံကွပ်ကဲမှု မနိုင်သည့်အခါတွင်ဖြစ်စေ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုကို အောက်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

ပုဒ်မ—၃၁။ ။ (က) အစိုးရမှ နိုင်ငံ့တာဝန်ထမ်းဆောင်ရန် မသင့်တော်ဟုမြင်လာလျှင် လွှတ်တော်သဘာပတိမှ အစိုးရကို ရုပ်သိမ်းနိုင်သည်။

(ခ) လွှတ်တော်သဘာပတိမှ အောက်လွှတ်တော်အား အစိုးရအသစ်ဖွဲ့စည်းရန် တိုက်တွန်းရမည်။

(ဂ) အစိုးရသစ်တစ်ရပ် မဖွဲ့စည်းနိုင်လျှင် အောက်လွှတ်တော်ကို ဖျက်သိမ်းရမည်။

(ဃ) သဘာပတိက အောက်လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ရက်(၆၀)အတွင်း ရွေးကောက်ပွဲအသစ် ခေါ်ယူရမည်။

မှတ်ချက်။ ။ ရာမည မွန်ပြည်နယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီသည် လွှတ်တော်သမ္မတရွေးချယ်ခြင်းအစား လွှတ်တော်အား ထိန်းသိမ်းရန် သဘာပတိကို ရွေးချယ်သင့်သည်ဟု မြင်သည်။

## <u>အခန်း(၇) ဥပဒေပြုရေး</u>

ပုဒ်မ—၃၂။ ။ ရာမည မွန်ပြည်နယ်၏ ဥပဒေများကို အောက်လွှတ်တော် (**House of Representative**) မှ ရေးဆွဲသုံးသပ် ဆုံးဖြတ်ပြီး အထက်လွှတ်တော် (**Senate**) တွင် အတည်ပြုချက် ရယူရမည်။

ပုဒ်မ—၃၃။ ။ လွှတ်တော်နှစ်ရပ်သည် ဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။

ပုဒ်မ—၃၄။ ။ လွှတ်တော်နှစ်ရပ်မှ ဥပဒေတစ်ရပ်ကို အတည်ပြုပြီး သဘာပတိလက်မှတ်ထိုးပြီးပါက အတည်ပြုကြေငြာနိုင်သည်။

## အခန်း(၈) ရာမည မွန်ပြည်နယ် တရားစီရင်ရေး

ပုဒ်မ—၃၅။ ။ တရားသူကြီးချုပ်ကို ဥပဒေပညာရှင်များနှင့် ဥပဒေထိန်းသိမ်းရေးအဖွဲ့မှ အမည်ပေးပြီးနောက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ရွေးချယ်ပြီး သဘာပတိက အတည်ပြုရမည်။

ပုဒ်မ—၃၆။ ။ တရားသူကြီးအဖွဲ့(၅)ဦးသည် နိုင်ငံရေးပါတီတွင် ပါဝင်ခြင်းမပြုရ။

ပုဒ်မ—၃၇။ ။ တရားသူကြီးအဖွဲ့(၅)ဦးအား တရားသူကြီးချုပ်မှ ရွေးချယ်ဖွဲ့စည်းသွားမည်။

ပုဒ်မ—၃၈။ ။ တရားရုံးများကို ရပ်ကွက်/ကျေးရွာ၊မြို့နယ်၊ခရိုင်၊ဇုန် အဆင့်(၄)ဆင့်ဖြင့် ဖွဲ့စည်းသွားမည်။

ပုဒ်မ—၃၉။ ။ တရားသူကြီးအဖွဲ့သည် လွတ်လပ်စွာ တရားစီရင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

## အခန်း(၉) ပြည်သူ့ဝန်ထမ်းများ

ပုဒ်မ—၄၀။ ။ ပြည်သူ့ဝန်ထမ်းများသည်—
(က) အသက်(၁၈)နှစ်နှင့်(၆၅)နှစ်အကြား ဖြစ်ရမည်။
(ခ) ရာမည မွန်ပြည်နယ်သား ဖြစ်ရမည်။
(ဂ) သာသနာရေးဆိုင်ရာအဖွဲ့ဝင်များ မပါဝင်စေရန်။

ပုဒ်မ—၄၁။ ။ ပြည်သူ့ဝန်ထမ်းအဖွဲ့သည် ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း အစိုးရလုပ်ငန်းတွင် ဆောင်ရွက်ရမည်။

ပုဒ်မ—၄၂။ ။ လူမျိုးဘာသာနှင့်လိင်အပေါ်ခွဲခြားမှု မရှိစေရ။

ပုဒ်မ—၄၃။ ။ အသက်(၆၅)နှစ် ပြည်သူတိုင်း အစိုးရဝန်ထမ်းမှ ရပ်နားပိုင်ခွင့်ရှိသည်။

## အခန်း(၁၀) သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်

ပုဒ်မ—၄၄။ ။ (က) သဘာဝသယံဇာတများသည် ရာမညမွန်ပြည်နယ်အစိုးရ၏ ထိန်းကွပ်မှုအောက်တွင် ရှိရမည်။
(ခ) ရာမညမွန်ပြည်နယ်အစိုးရသည် သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး တာဝန်ကို ရယူရမည်။

ပုဒ်မ—၄၅။ ။ ရာမညမွန်ပြည်နယ်အစိုးရမှ သဘောတူညီမှု ရရှိပါက ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခုအားလည်း တာဝန်ယူ ထိန်းသိမ်းစေနိုင်သည်။

ပုဒ်မ—၄၆။ ။ မွန်ပြည်နယ်အစိုးရမှ သဘာဝသယံဇာတများကို ပိုင်ဆိုင်ပြီး အစိုးရမှ သဘောတူညီမှုရှိပါက ပုဂ္ဂလိက အဖွဲ့များအား လုပ်ပိုင်ခွင့်ပေးနိုင်သည်။

ပုဒ်မ—၄၇။ ။ သဘာဝသယံဇာတနှင့် ဆိုင်သောလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရာမည မွန်ပြည်နယ် အစိုးရမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အား အယူခံပိုင်ခွင့် ပြုပေးရမည်။

## အခန်း(၁၁) ပညာရေး

ပုဒ်မ—၄၈။ ။ ရာမညမွန်ပြည်နယ်အတွင်းရှိ ပညာရေးသည်—
(က) လွတ်လပ်သော ပညာရေးစနစ် ဖြစ်မည်။

(ခ) အစိုးရနှင့်ပုဂ္ဂလိက ပညာရေးစနစ် ဖြစ်ရမည်။
(ဂ) ပညာရေးတွင် အစိုးရ၊ပုဂ္ဂလိကနှင့် သာသနာရေးဆိုင်ရာအဖွဲ့များ လွတ်လပ်စွာ စီစဉ်နိုင်သည်။

ပုဒ်မ—၄၉။ ။ နိုင်ငံသားတိုင်း အခြေခံပညာ(၁)တန်းမှ(၆)တန်းအထိ အခမဲ့ ပညာသင်ကြားရမည်။

ပုဒ်မ—၅၀။ ။ ရာမညသွန်ပြည်နယ်အစိုးရသည် မူလတန်းမှ အထက်တန်းအထိသာ ပညာရေးမူဝါဒကို ထိန်းချုပ်သင့်သည်။

ပုဒ်မ—၅၁။ ။ တက္ကသိုလ်ကျောင်းများ၊ဒီကရီကောလိပ်ကျောင်းများ၊စက်မှုအတတ်ပညာကျောင်းများ လွတ်လပ်စွာ သင်ကြားပို့ချခွင့် ရှိရမည်။

## အခန်း(၁၂) အလုပ်သမားအရေး

ပုဒ်မ—၅၂။ ။ ရာမညသွန်ပြည်နယ်ရှိ အလုပ်သမားများသည်–
(က) လုပ်ငန်းနှင့်စပ်လျဉ်း၍ တူညီသော ခံစားခွင့်ရှိရမည်။
(ခ) အသက် (၁၈)နှစ်အထက် ရှိသူဖြစ်ရမည်။

ပုဒ်မ—၅၃။ ။ မိမိဆန္ဒအတိုင်း အလုပ်သမားသမဂ္ဂ **(Trade Union)** တွင် ပါဝင်နိုင်သည်။

ပုဒ်မ—၅၄။ ။ လူမျိုး၊ဘာသာ၊ကိုးကွယ်ယုံကြည်မှု၊ လူမှုအဆင့်အတန်းအပေါ် အခြေခံ၍ လုပ်ငန်းခွင်တွင် ဖိနှိပ်မှုမပြုရ။

ပုဒ်မ—၅၅။ ။ (က) လူတိုင်းလူတိုင်းသည် သာရေး၊နာရေး၊လူမှုရေး၊မိသားစုရေးနှင့်စပ်လျဉ်း၍ ရက်ကို အလုပ်ရပ်နားပိုင်ခွင့်ရှိသည်။
(ခ) လူတိုင်းလူတိုင်းသည် (၃)နှစ်ဆက်တိုက် လုပ်ငန်းတာဝန်များထမ်းဆောင်ပြီးပါက အလုပ်ရှင်ထံမှ တစ်လအလုပ်နားပိုင်ခွင့်ရှိပြီး ၎င်းတစ်လစာအတွက် လစာငွေကိုအလုပ်ရှင်က ထောက်ပံ့ပေးရမည်။

## အခန်း(၁၃) ကျန်းမာရေး

ပုဒ်မ—၅၆။ ။ ရာမညသွန်ပြည်နယ်အစိုးရသည်–
(က) ပြည်သူလူထု၏ အခြေခံကျန်းမာရေးတာဝန်ကို တာဝန်ယူရမည်။
(ခ) လူတိုင်းလူတိုင်းသည် အစိုးရဆေးရုံတွင် တူညီစွာ ရောဂါကုသခွင့်ရှိသည်။

ပုဒ်မ—၅၇။ ။ (က) အစိုးရနှင့်ပုဂ္ဂလိကပိုင်ဆိုင်သော ကျန်းမာရေးစနစ်ကို ကျင့်သုံးသွားရမည်။
(ခ) အစိုးရဆေးရုံ၊ပုဂ္ဂလိကဆေးရုံ၊ပရဟိတဆေးရုံများ လွတ်လပ်စွာ ဖွင့်လှစ်ခွင့်ရှိသည်။

ပုဒ်မ—၅၈။ ။ (က) အစိုးရဆေးရုံတွင် အမျိုးသမီးများ အခမဲ့ကလေးမွေးဖွားခွင့်ရှိသည်။
(ခ) အသက်(၆၅)နှစ်ရှိသူတိုင်း အစိုးရဆေးရုံတွင် အခမဲ့ရောဂါကုသပိုင်ခွင့်ရှိသည်။
(ဂ) ကလေးများအား အသက်(၁၂)နှစ်ပြည့်သည်အထိ အစိုးရမှ အခမဲ့ရောဂါကုသပေးရမည်။

## အခန်း(၁၄) ဘဏ္ဍာရေး

ပုဒ်မ—၅၉။ ။ (က) ရာမညမွန်ပြည်နယ် ဗဟိုဘဏ်ဖွင့်လှစ်ပြီးဘဏ်မှ အစိုးရငွေလည်ပတ်မှုကို စီမံကွပ်ကဲရမည်
(ခ) အစိုးရနှင့်ပုဂ္ဂလိကတို့မှ ဘဏ်ဖွင့်လှစ်နိုင်ပြီး စီးပွားရေး အပြိုင်အဆိုင် ပြုလုပ်ခွင့်ရှိသည်။
(ဂ) အစိုးရသည် ဝင်ငွေ၏ ၁၀ပုံ ၈ပုံ ကိုသာ သုံးစွဲခွင့်ရှိသည်။

ပုဒ်မ—၆၀။ ။ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်မှ စစ်ရေးအသုံးစရိတ်များကို ဆုံးဖြတ်ရမည်။

ပုဒ်မ—၆၁။ ။ (က) အစိုးရ ဝင်ငွေထွက်ငွေစာရင်းများကို ပြည်သူအား နှစ်စဉ်ကြေညာပေးရမည်။
(ခ) အစိုးရငွေစာရင်း စီစစ်ရေးအဖွဲ့သည် နိုင်ငံတော်ငွေစာရင်းအား လွတ်လပ်စွာ စီရင်ခွင့်ရှိသည်။

## အခန်း(၁၅) အကောက်အခွန်

ပုဒ်မ—၆၂။ ။ ရာမညမွန်ပြည်နယ်တွင် –
(က) ပြည်သူလူထုသည် နိုင်ငံတော်အား အခွန်ပေးဆောင်ရမည်။
(ခ) အသက်(၁၈)နှစ်ပြည့်သူတိုင်း လုပ်ငန်းတစ်ခုခုမှ ဝင်ငွေရရှိပါက ဝင်ငွေအပေါ်မူတည်ပြီး နိုင်ငံတော်မှ ချမှတ်သော ဥပဒေအတိုင်း အခွန်ပေးဆောင်ရမည်။
(ဂ) ပြည်ထောင်စုအကောက်အခွန်မှအပ ရာမညမွန်ပြည်နယ်အစိုးရသို့ တရားဥပဒေအတိုင်း အခွန်ပေးဆောင်ရမည်။

ပုဒ်မ—၆၃။ ။ ကျောင်းသားများ သာသနာပြုပုဂ္ဂိုလ်များနှင့် အသက်(၆၅)နှစ်အထက်ရှိ အလုပ်သမားများ အခွန်ကင်းလွတ်ခွင့်ရှိသည်။

ပုဒ်မ—၆၄။ ။ ရာမညမွန်ပြည်နယ်အကောက်အခွန် ကော်မရှင်အဖွဲ့သည် အကောက်အခွန်ရေးရာနှင့်စပ်လျဉ်း၍ စုံစမ်းကြီးကြပ်ခွင့် အခွင့်အရေး အပြည့်အဝရှိသည်။

## အခန်း(၁၆) စီးပွားရေး

ပုဒ်မ—၆၅။ ။ ရာမညမွန်နိုင်ငံသားတို့သည် –
(က) စီးပွားရေးလုပ်ခွင့်နှင့် ပစ္စည်းပိုင်ဆိုင်ခွင့်တို့ကို တရားဥပဒေအရ အကာအကွယ်ပေးရမည်။
(ခ) ရာမညမွန်ပြည်နယ်အစိုးရမှ သင့်လျော်သည့် စီးပွားရေးလုပ်ငန်းများကို စီမံကွပ်ကဲသွားမည်။
(ဂ) ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းအား အဓိကထားပြီး အားပေးသွားမည်။

ပုဒ်မ—၆၆။ ။ ပြည်ထောင်စုအစိုးရသို့ အပ်နှင်းထားသော စီးပွားရေးလုပ်ငန်းမှအပ မွန်ပြည်နယ်စီးပွားရေးမူအတိုင်း စီမံကျင့်သုံးသွားမည်။

## အခန်း(၁၇) ကာကွယ်ရေး

ပုဒ်မ—၆၇။ ။ ရာမညမွန်ပြည်နယ်တွင် –

(က) အမြဲတမ်းတပ်မတော်သားတို့သည် ပြည်နယ်၊ နယ်စပ်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်။

(ခ) စစ်တပ်တွင် အမှုထမ်းဆောင်နေစဉ် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိစေရ။

ပုဒ်မ—၆၈။ ။ (က) ရာမညမွန်ပြည်နယ် ကာကွယ်ရေးတပ်မတော်သည် ပြည်နယ်လူဦးရေ၏ (0.1%)ထက် မကျော်လွန်စေရ။

(ခ) ရာမညမွန်ပြည်နယ် ရဲတပ်ဖွဲ့ကို ပြည်နယ်လူဦးရေ၏ (0.2%)ထက် မကျော်လွန်စေရ။

ပုဒ်မ—၆၉။ ။ သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေး (ရေ၊မြေ၊လေ၊မီး)ကို ရာမညမွန်ပြည်နယ် အစိုးရမှ တာဝန်ယူပေးမည်။

ပုဒ်မ—၇၀။ ။ ကာကွယ်ရေးတပ်မတော်၊ ရဲနှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့တို့သည် အစိုးရအုပ်ချုပ်မှုအောက်တွင် ထားရှိရမည်။

ပုဒ်မ—၇၁။ ။ စစ်တပ်နှင့်ရဲတပ်ဖွဲ့အတွက် အသုံးစရိတ်သည် လွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

ပုဒ်မ—၇၂။ ။ စစ်တပ်တွင် တာဝန်ထမ်းဆောင်သော ပုဂ္ဂိုလ်များသည် ပြည်သူလူထုအကြားတွင် အခွင့်ထူးခံလူတန်းစားမဖြစ်စေရ။

## အခန်း(၁၈) လူမှုကာကွယ်စောင့်ရှောက်ရေး

ပုဒ်မ—၇၃။ ။ လူတိုင်းအလုပ်မရှိသည့်အခါတွင်ဖြစ်စေ၊ နေထိုင်စရာနေရာမရှိသည့်အခါတွင်ဖြစ်စေ ရာမညမွန်ပြည်နယ်အစိုးရမှ စောင့်ရှောက်ပေးရမည်။

ပုဒ်မ—၇၄။ ။ အိမ်ယာမရှိသော အသက်(၆၅) နှစ်အထက် ရှိသူတိုင်းအား အစိုးရမှ စောင့်ရှောက်ပေးရမည်။

## အခန်း(၁၉) တောင်သူလယ်သမားရေးရာ

ပုဒ်မ—၇၅။ ။ လယ်သမား၊ ယာသမားတိုင်း လယ်ယာပိုင်ဆိုင်ခွင့် အပြည့်အဝရှိရမည်။

ပုဒ်မ—၇၆။ ။ လယ်သမား၊ ယာသမားတိုင်းသည် ၎င်းတို့နှင့်ဆိုင်ရာ အစည်းအရုံးကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိရမည်။

ပုဒ်မ—၇၇။ ။ လယ်သမား၊ ယာသမားအစည်းအရုံးတို့သည် ပြည်တွင်းပြည်ပရှိ အခြားသော အစည်းအရုံးများနှင့် လွတ်လပ်စွာ ဆက်သွယ်နိုင်ခွင့်ရှိရမည်။

ပုဒ်မ—၇၈။ ။ မိမိတို့ လယ်ယာခြံမြေမှ ထွက်ရှိလာသော သီးနှံများကို သိမ်းဆည်းခွင့်၊ရောင်းချခွင့်ရှိရမည်။

ပုဒ်မ—၇၉။ ။ ခေတ်မီသော စိုက်ပျိုးမွေးမြူရေး နည်းပညာများကို ရာမညမွန်ပြည်နယ်အစိုးရမှ ဖြည့်ဆည်းပေးရမည်။

## အခန်း(၂၀) တိုင်းရင်းသားလူမျိုးစုရေးရာ

ပုဒ်မ—၈၀။ ။ ရာမညမွန်ပြည်နယ်အတွင်း လူမျိုးစုတစ်ခုက အခြားလူမျိုးစုတစ်ခုအပေါ် လွှမ်းမိုးဝါးမျိုးခြင်းမရှိစေရ။

ပုဒ်မ—၈၁။ ။ ရာမညမွန်ပြည်နယ်အတွင်းရှိ လူမျိုးစုတိုင်းသည် မိမိတို့၏ဘာသာစကား၊ စာပေယဉ်ကျေးမှုတို့ကို လွတ်လပ်စွာ သုံးစွဲထိန်းသိမ်း မြှင့်တင်ခွင့် ရှိစေရမည်။

ပုဒ်မ—၈၂။ ။ ရာမညမွန်ပြည်နယ်အတွင်းရှိ လူမျိုးစုများ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိစေရန် ပြည်နယ်အစိုးရက တာဝန်ယူ ပိုင်းဝန်းထိန်းသိမ်း ပေးရမည်။

ပုဒ်မ—၈၃။ ။ မွန်လူမျိုးမှအပ လူမျိုးစုတစ်စုသည် မြို့နယ်တစ်ခုခုတွင် လူဦးရေအားလုံး၏ (50%)ကျော်ရှိပါက ထိုအမျိုးသား၏ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသအဖြစ် အသိအမှတ် ပြုပေးရမည်။

ပုဒ်မ—၈၄။ ။ မွန်လူမျိုးမှအပ လူမျိုးစုတစ်ခုသည် တစ်ဆက်တစ်စပ်တည်းရှိနေသော တိုက်နယ်သုံးခုတွင် ထိုဒေသ လူဦးရေအားလုံး၏ (50%)ကျော်ရှိပါက ထိုလူမျိုးစု၏ အမျိုးသားဒေသအဖြစ် အသိအမှတ် ပြုပေးရမည်။

## အခန်း(၂၀) ပြည်သူ့ဆက်ဆံရေး (Public Relation)

ပုဒ်မ—၈၅။ ။ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကို လုပ်ဆောင်အကောင်အထည်ဖော်ရန်အတွက် လွှတ်တော်မှ ပြည်သူ့ ဆက်ဆံရေးလုပ်ငန်း ဦးဆောင်ကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

ပုဒ်မ—၈၆။ ။ ပြည်သူ့အကျိုးကို ဦးတည်ပြီး ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဦးဆောင်ကွပ်ကဲရေးအဖွဲ့သည် သင့်လျော်သော မူနှင့်စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲချမှတ်ပေးရမည်။

## အခန်း(၂၂) အခြေခံဥပဒေပြင်ဆင်ဖြည့်စွက်ရေး

ပုဒ်မ–၈၇။ ။ အခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ အခြေအနေတောင်းဆိုလာသည့် အခါတွင်ဖြစ်စေ၊အချို့သော ဥပဒေများကျင့်သုံးရန် မသင့်လျော်သည့်အခါတွင်ဖြစ်စေ၊ အားနည်းချက်တစ်စုံတစ်ရာတွေ့မြင်သည့်အခါတွင်ဖြစ်စေ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ သုံးပုံနှစ်ပုံ အဆုံးအဖြတ်မဲပေးပါက အခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။

ပုဒ်မ—၈၈။ ။ အခြေခံဥပဒေတွင် ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ထားသည့်အချက်များကို ပြည်သူများ နားလည်သိရှိရန်နှင့် လက်ခံနိုင်ခြင်း ရှိမရှိကို သိရှိရန်အတွက် ပြည်သူ့ဆန္ဒခံယူပွဲ **(Refrendum)**ပြုလုပ်ပေးရမည်။

# Draft Constitution of Future Rahmonya Mon State

**PREAMBLE**

Paying our respect to our Lord Buddha, we the people of Rahmonya Mon State, with the noble aims to eliminate the cause of injustice in our land, to protect and strengthen the rule of law which is the base for unity, harmony, peace and tranquility, to exercise a good and reasonable lever of the three powers, namely the legislative power the administrative power and the judicial power and to nurture and promote the Brahman *Vihara* the four cardinal virtues of mind namely *Metta* or loving kindness, *Karuna* or compassion *Mudita* or rejoicing over the success prosperity etc. of others and Upekha or detachment herein ensure that the basic rights and fundamental freedom of the people of Rahmonya Mon State enshrined and guaranteed in this Constitution of Rahmonya Mon State.

## CHAPTER ONE:

## THE FORMATION OF RAHMONYA MON STATE

**Article: 1**

The official name of our Mon State shall be called "Rahmonya Mon State".

**Article 2:**

Rahmonya Mon State shall adopt and practice a multi-party democratic political system.

**Article 3:**

The Mon language shall be the primary official language of Rahmonya Mon State an English and Burmese shall be used as secondary official languages.

**Article: 4**

Rahmonya Mon State shall have exercise a good and reasonable level of the three powers, namely the legislative power, the administrative power and the judicial power.

**Article: 5**

The prime minister shall be the head of government of Rahmonya Mon State.

**Article: 6**

The demarcations of Rahmonya Mon State shall be based on the distribution of the Mon population and geographically it shall comprise the five districts, namely Pegu,Thaton, Moulmein,Tavoy and Mergui and adjacent areas where there are Mon population settlements. (The town of Pegu/Bago, since it used to be the capital city of the last Mon sovereign kingdom of Hamsavati, will be included in Rahmonya Mon State.)

**Article: 7**

Everyone in Rahmonya Mon State shall fully have democratic rights, human rights and the rights of equality and freedom.

**Article: 8**

The anthem of Rahmonya Mon State shall be as follows:

(a) Reh Nigam

(b) ————

**Article: 9**

The flag of Rahmonya Mon State shall be as follows (it will be decided at a future conference of the people of Rahmonya Mon State.)

**Article: 10**

The official seal of Rahmonya Mon State shall include the Sheldrake and the Star.

## CHAPTER TWO: THE RIGHTS OF THE PEOPLE

**Article: 11**

***Qualifications of the Citizen of Rahmonya Mon State***

(a) He or she is the one born in Rahmonya Mon State.

(b) One of his or her parents was or is a citizen of Rahmonya Mon State.

(c) He or she wished to become a citizen of Rahmonya Mon State.

***Everyone having the following qualifications may request the citizenship of Rahmonya Mon State:***

(a) Having a parent who was or is a citizen of Rahmonya Mon State.

(b) Wishing to become a citizen of Rahmonya Mon State.

(c) Having resided in Rahmonya Mon State for a period of at least ten years and not having committed such a serious crime as?.

**Article 12**

(a) Human Right have to base on universal declaration of human right.

(b) All Rahmonya citizens have equal right according to Rahmonya Mon State Constitution.

**Article: 13**

Everyone in Rahmonya Mon State fully have civil rights, including the right to freedom and security of person, the right to liberty, the right to freedom of religion belied and opinion, the right to freedom from arbitrary arrest and the right to equality before the law.

**Article: 14**

Everyone in Rahmonya Mon State shall fully have political rights including the right to participate in the political process of the State, the right to vote in all elections and public referenda and to be eligible for election to all publicly elected bodies of the State, and the right to freedom of expression, association and assembly.

**Article: 15**

Everyone in Rahmonya Mon State shall fully have economic rights, including the right to a livelihood, the right to own property, the right to do business, including trading and the right to work.

**Article 16:**

Everyone in Rahmonya Mon State shall fully have social rights, including the right to health, the right to education, the right to marriage and the right to social security.

**Article 17:**

Everyone in Rahmonya Mon State shall have the right to freely use his or her own ethnic language, to participate in the religious activities of his or her belief, and to be involved in cultural activities of his or her ethnic people.

**Article 18:**

All women in Rahmonya Mon State shall have, on equal terms with men, the political, economic, social and cultural rights as well as to freedom from discrimination on the basis of sex.

**Article 19:**

Every child in Rahmonya Mon State the right for equal access to education, the right to freedom from forced labour and exploitation, and the right to proper care and protection by the parents, the State and the Union.

## CHAPTER THREE:
## THE STATE PARLIAMENT AND THE FEDERAL PARLIAMENT

**Article: 20**

Rahmonya Mon State Parliament shall have two Houses, namely the Upper House and the Lower House. Representatives of both Housed shall be elected by the people of Rahmonya Mon State.

**Article 21:**

(a) Representatives of the Upper House of Rahmonya Mon State Parliament shall be elected in equal number from the respective townships of the state. Besides representatives from the townships, non-Mon ethnic groups inhabiting within the boundaries of Rahmonya Mon State shall have the right of representation in the Upper House of Rahmonya Mon State.

(b) Rahmonya Mon State representatives for the House of Nationalities or the Upper House of the federal Parliament shall be elected from the Upper House of Rahmonya Mon State Parliament.

**Article 22:**

Representatives of the Lower House of Rahmonya Mon State Parliament shall be elected based on the population of Rahmonya Mon State.

**Article 23:**

Representatives of Rahmonya Mon State for the House of Nationalities or the Upper House of Federal Parliament shall be elected by a majority vote of both House of Rahmonya Mon State Parliament.

**Article 24:**

(a) The chair of the Lower House of Rahmonya Mon State Parliament shall be elected by the Lower House itself.

(b) The chair of the Upper House of Rahmonya Mon State Parliament shall be elected by the Upper House itself.

## CHAPTER FOUR:
## ELECTION OF REPRESENTATIVES OF THE HOUSE OF RAHMONYA MON STATE PARLIAMENT

**Article 25:**

(a) Representatives of the Lower of Rahmonya Mon State Parliament shall be directly elected by the people, based on the number of population. Initially, a population of 100,000 shall form a constituency.

(b) Members of political particles parties and independents may be eligible candidates for election as representatives of the Lower House of Rahmonya Mon State Parliament.

(c) The number of representatives of the Upper House of Rahmonya Mon State Parliament shall be half the number of the representatives of the Lower House. Representatives of the Upper House shall be elected on the basis of one township per representatives; areas where non-Mon ethnic groups inhabit shall be considered “special areas” and each “special area”

may elect one representative for the Upper House of Rahmonya Mon State. Independents or respected persons of special qualities may be eligible for election as representatives of the Upper House and they shall be directly elected by the people.

## CHAPTER FIVE:
## RELATIONSHIP BETWEEN RAHMONYA MON STATE AND FEDERAL UNION

**Article 26:**

The powers defined in Section-(A) below shall be entrusted to the Federal Union, and the powers defined in Section-(B) below shall be equally shared by Rahmonya Mon State and the Federal Union. The residual powers shall be retained by Rahmonya Mon State.

A (1): Foreign relations
(2): National deference
(3): monetary system
(4): postal and radio/television broadcast services
(5): transportation services
(6):weights and measures
([illegible])
(7): Sale and purchase of war weapons and military equipment
(8): immigration
(9): emergency matters regarding the nation's security

B (1): natural resources
(2): taxation and revenues
(3): road and communications
(4): investments from foreign countries
(5): tourism
(6): marriage with foreign nationals
(7): information
(8): protection of the environment
(9): ownership of the arts, crafts and techniques of Mon origin

## CHAPTER SIX:
## RAHMONYA MON STATE GOVERNMENT

**Article 27:**

The administrative power shall be exercised by the executive branch of Rahmonya Mon State Government, led by Prime Minister. The Prime Minister shall be elected from amongst the elected representatives of the Lower House of Rahmonya Mon State Parliament.

**Article 28:**

When both Housed of Parliament sit together, the chair of the Upper House shall preside over the meeting as the presiding chair and the chair of the Lower House shall act as the vice chair.

**Article 29:**

The Ministers shall be elected from amongst the elected representatives of the Lower House of Rahmonya Mon State, approved by the chair of the House.

**Article 30:**

In such a situation when the elected administrative body of Rahmonya Mon State is considered no longer capable of functioning or managing important State affairs, a no-confidence motion may be proposed by the Lower House of Rahmonya Mon State Parliament.

**Article: 31**

(a) The chair of Rahmonya Mon State Parliament (or the chair of Upper House? when he sees that the administrative body of Rahmonya Mon State. Government is no longer capable of carrying out the governing responsibilities, shall have the power to dissolve it.
(b) The chair of Rahmonya Mon State Parliament (or chair of Upper House?) shall request the Lower House of Rahmonya Mon State Parliament to form a new administrative body.
(c) If the Lower House of Rahmonya Mon State Parliament is unable to form the new administrative body within the time required, the Lower House shall be dissolved.
(d) The chair of Rahmonya Mon State Parliament (or the chair of the Upper House?), shall hold a new election to elect new representatives of the Lower House within 60 days after the dissolution of the Lower House of Rahmonya Mon State Parliament.

## CHAPTER SEVEN:
## LEGISLATION (MAKING LAWS)

**Article 32:**

Legislation bills of Rahmonya Mon State shall be proposed by the Lower House of Rahmonya Mon State Parliament and shall have the approval of the Upper House to become laws.

**Article 33:**

Rahmonya Mon State Parliament shall have the authority to select and assign a committee of lawmakers.

**Article 34:**

A new law of Rahmonya Mon State have effect after the bill having been approved by both Houses of Parliament and signed by the chair of Parliament/Upper House (or by the chairs of both Houses.)

## CHAPTER EIGHT:
## THE JUDICIAL SYSTEM OF RAHMONYA MON STATE

**Article 35:**

Chief Justice of Rahmonya Mon State, nominated by the community of law professionals or law protectors/supporters, shall be elected by the Houses of Rahmonya Mon State Parliament and shall have the approval of the chair of Parliament/ Upper House.

**Article 36:**

Members of the Five Judges Committee of Rahmonya Mon State shall not be members of any political party.

**Article 37:**

The Five Judges Committee shall be selected and formed by Chief Justice.

**Article 38:**

Courts of justice of Rahmonya Mon State shall be established at four levels, namely ward or village lever, township lever, and central level.

**Article 39:**

The five judges Committed shall be fully independence in deciding all court cases.

## CHAPTER NINE:
## PUBLIC SERVANTS

**Article 40:**

(a) A public servants shall be between the ages of 18 to 65
(b) He or She shall be a citizen of Rahmonya Mon State.
(c) He or She shall not be a religious worker.

**Article 41:**

All public events shall act in accordance with the constitution and laws of Rahmonya Mon State and shall perform duties under Rahmonya Mon State Government.

**Article 42:**

In performing the public service duty no discrimination shall be made on account of race, religion or sex.

**Article 43:**

Every public servant shall have the right to retirement at age 65.

## CHAPTER TEN: NATURAL RESOURCES AND THE ENVIRONMENT

**Article 44;**

(a) All natural resources of Rahmonya Mon State, except those set aside to be under the Federal Union shall remain under the direct control of Rahmonya Mon State.
(b) Rahmonya Mon State Government shall be responsible for safeguarding and managing the natural resources and the environment of Rahmonya Mon State.

**Article 45:**

With the authorization of Rahmonya Mon State Government an appropriate organization may take the responsibility of protection the natural resources and the environment of Rahmonya Mon State.

**Article 46:**

The natural resources owned by Rahmonya Mon State, if it will not affect the interest of the people may be exploited and developed by an organization having the authorization of Rahmonya Mon State government or by an economic company which has the concession from Rahmonya Mon State Government.

**Article 47:**

Rahmonya Mon State Government shall give environment organisation the right to independence proposals and suggestions for consideration in the Management and utilization of natural resources.

## CHAPTER ELEVEN: EDUCATION

**Article 48:**

(a) Rahmonya Mon State shall have a free Education system.
(b) The education system of Rahmonya Mon State shall include both state and private education.

**Article 49:**

Elementary education shall be compulsory for all state-citizen children in Rahmonya Mon State and it shall be free education from kindergarten up to sixth grade.

**Article 50:**

Rahmonya Mon State shall only direct and implement its own Educational policy from elementary through high education.

**Article 51:**

Higher and technical education shall be administered by the state and freely participated by authorized private Education institutions.

## CHAPTER TWELVE:
## WORKERS

**Article 52:**

(a) All workers in Rahmonya Mon State shall have equal rights to work.
(b) The official acceptable age for work shall be 18 and over.

**Article 53:**

Participation in an organization shall be voluntary.

**Article 54:**

No discrimination shall be made on the basis of religion, race or nationality, sex or social status of a person.

**Article 55:**

(a) Everyone, when unable to work for health, family or other important social reasons, shall be entitled to reasonable short-term leave of absence from work.
(b) Everyone who has continuously worked for three full years shall be entitled to one-month rest with pay from the employer.

## CHAPTER THIRTEEN:
## HEALTH

**Article: 56**

(a) Rahmonya Mon State Government shall assist the basic health needs of the people.
(b) Everyone in Rahmonya Mon State shall have the right to receive medical and health care services from public hospitals and health centers of the State.
(c) Rahmonya Mon State Government shall encourage and support activities.

**Article: 57**

(a) Rahmonya Mon State shall encourage both public and private health care services.
(b) All public, private and donor hospital and health centers shall have the right to operate freely in Rahmonya Mon State.

**Article: 58**

(a) Every woman in Rahmonya Mon State shall have the right for delivery of babies free of charge at public hospital and health centers of the State.
(b) Religious workers and elderly ages 65 and over in Rahmonya Mon State shall be entitled to free medical and health care services at public hospital and health centers of the State.
(c) Public hospitals and health centers in Rahmonya Mon State shall provide free medical and health care services for all children under and until the age of 12.

## CHAPTER FOURTEEN:
## FINANCE AND TREASURY

**Article: 59**

(a) A central State Bank of Rahmonya Mon State shall be established. the Central State Bank shall be responsible for overseeing the income and expenditure of Rahmonya Mon State Government.
(b) The opening of both public and private banks and financial institutions shall be encouraged for free competition in Rahmonya Mon State.
(c) Rahmonya Mon State Government shall only spend a maximum of 80 per cent of the total annual income of Rahmonya Mon State.

**Article: 60**

Rahmonya Mon State Parliament shall have the authority to decide the deference budget of Rahmonya Mon State.

**Article: 61**

(a) The income and expenditure of Rahmonya Mon State Government shall be made known to the public annually.
(b) The committee of State auditors shall have the right to examine freely all financial records of Rahmonya Mon State Government.

## CHAPTER FIFTEEN:
## TAXATION AND REVENUES

**Article: 62**

(a) The people of Rahmonya Mon State shall have a duty to pay taxes to the State.
(b) Everyone in Rahmonya Mon State over the age of 18 who works and earns regular income shall pay an income tax to the State as required by law.
(c) Besides the duty to pay the federal tax, the people of Rahmonya Mon State shall have a duty to pay a tax to the State as required by law or constitution of Rahmonya Mon State.

**Article: 63**

Students, religious workers and all working people over the retirement age of 65 shall be exempted from paying income tax.

**Article: 64**

Rahmonya Mon State's Department of Revenues shall have the authority to examine all tax cased of the State.

## CHAPTER SIXTEEN:
## THE ECONOMY

**Article: 65**

(a) Every citizen of Rahmonya Mon State shall have the right to own property and to do economic business. This right shall be protected by law.
(b) Rahmonya Mon State Government may monopolize and lead certain appropriate sectors of the State's economy.
(c) The private sector of the economy shall give priority to citizens of Rahmonya Mon State.

**Article: 66**

Except those sectors set aside for the Federal Union, all the remaining sectors of the economy of Rahmonya Mon State shall be subject to the economic policy of Rahmonya Mon State.

## CHAPTER SEVENTEEN:
## DEFENCE AND SECURITY

**Article: 67**

(a) Everyone citizen of Rahmonya Mon State shall have a duty for security of the State.
(b) Every male citizen of Rahmonya Mon State as of the age of 18 shall have a duty for the military service of Rahmonya Mon State for a required length of time.
(c) The Armed Forces of Rahmonya Mon State shall only have the duty of protecting Rahmonya Mon State.
(d) The Armed Forces shall not interfere with the political affairs of the State.
(e) Under no circumstances shall the Armed Forces of Rahmonya Mon State be allowed to take over the State's power.

**Article: 68**

(a) The number of servicemen in the Armed Forces of Rahmonya Mon State shall not exceed 0.1 per cent of the State's population.
(b) The number of policemen in the Police Force of Rahmonya Mon State shall not exceed 0.2 per cent of the State's population.

**Article: 69**

Rahmonya Mon State Government shall have the responsibility for the establishment of disaster help organizations to rescue the victims and respond in the event of natural disasters such as fires, floods, storms earthquakes etc….

**Article: 70**

The Armed Forces the Police Force and disaster help forces shall be under the command of Rahmonya Mon State Government.

**Article: 71**

The State's deference and police budget shall be decided by Rahmonya Mon State Parliament.

**Article: 72**

Members of the Armed Forces and the Police Forced of Rahmonya Mon State shall only have the rights of the citizen and shall not be entitled to any special rights or whatsoever privileges than the civilian citizens of Rahmonya Mon State.

## CHAPTER EIGHTEEN:
## SOCIAL SECURITY

**Article: 73**

Everyone in Rahmonya Mon State in the event of unemployment, homelessness or displacement, shall be entitled to assistance from Rahmonya Mon State Government.

**Article: 74**

(a) Everyone in Rahmonya Mon State at or over the age of 65 and homeless, shall be entitled to assistance from Rahmonya Mon State Government.
(b) The unemployed, orphans and the disabled shall be entitled to assistance from Rahmonya Mon State Government.

## CHAPTER NINETEEN:
## FARMERS (INCLUDING GARDENERS, CULTIVATORS ETC..)

**Article: 75**

Every farmer in Rahmonya Mon State shall have the right to own land.

**Article: 76**

Every farmer shall have right to freely form and participate in farmer unions.

**Article: 77**

A farmer union shall have the right to freely join and work with other related organizations of common interest, within the State national and international.

**Article: 78**

Every farmer has the right to keep and sell the products of his or her farm freely.

**Article: 79**

Rahmonya Mon State Government shall support farmers with necessary modern farming and agricultural techniques.

## CHAPTER TWENTY:
## ETHNIC GROUPS OR RACES OF RAHMONYA MON STATE

**Article: 80**

No racial domination or assimilation shall be permitted between the ethnic groups or races of Rahmonya Mon State.

**Article: 81**

All ethnic groups races of Rahmonya Mon State shall have the right and freedom to use and conserve their own ethnic languages and cultures.

**Article: 82**

Rahmonya Mon State Government shall help protect all ethnic groups or races of Rahmonya Mon State from the danger of extinction.

**Article: 83**

A non-Mon ethnic group of Rahmonya Mon State inhabiting a township, if its population exceeds half the township's population, shall have the right to a "self administered area".

**Article: 84**

A non-Mon ethnic group of Rahmonya Mon State inhabiting at least three adjacent village tracts, if its population exceeds half the total population of those three village tracts, shall have the right to a "edqgkU"

## CHAPTER TWENTY-ONE
## PUBLIC RELATIONS

**Article: 85**

Rahmonya Mon State Parliament shall form a public Relations Department to explain to the public about government policies and decisions on all issues and matters of public concern.

**Article: 86**

In the best interest and for the greatest benefit of the people, the Public Relations Department shall propose its own principle and policy.

## CHAPTER TWENTY-TWO
## AMENDMENT OF THE CONSTITUTION

**Article: 87**

At the time when there is a fundamental change in the situation, or when any part of the Constitution is no longer suitable, or when a fault or flaw or weakness is found in the Constitution, the necessary amendment of the Constitution shall be made possible by a two thirds majority vote of both Houses of Rahmonya Mon State Parliament.

**Article: 88**

The amended parts of the Constitution shall be made known to the public and they shall come into effect after having received the necessary public support which is expressed in a state-wide public referendum.